INDORAMA VENTURES

# Indorama Ventures
# အများပိုင် ကုမ္ပဏီ လီမိတက်

# ကျန်းမာရေးနှင့် လုံခြုံရေး မူဝါဒ (EHS)

*(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၀၈ ရက်နေ့တွင် ပြုလုပ်ခဲ့သော*
*ဒါရိုက်တာများဘုတ်အဖွဲ့ အစည်းအဝေး အမှတ် ၄/၂၀၁၃ အတည်ပြုချက်အရ)*

မှတ်ချက်
ဤမူဝါဒတွင် ပါဝင်သော အကြောင်းအရာများသည် ပြည်နယ်အတွင်း တည်ဆဲဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ငြိစွန်းမှုများရှိပါက
အဆိုပါတည်ဆဲဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများသာ အတည်ဖြစ်သည်။

# ကျန်းမာရေးနှင့် လုံခြုံရေး မူဝါဒ (EHS)

Indorama Ventures Public Company Limited (IVL) သည် ကျန်းမာရေးနှင့် လုံခြုံရေးကောင်းမွန်မှုသည် စီးပွားရေးရလဒ် ကောင်းမွန်စေရန် ထောက်ကူပေးပြီး ထိခိုက်ဒဏ်ရာများနှင့် နာမကျန်းဖြစ်မှုများကို ကာကွယ်ရန် လူတိုင်းတွင် တာဝန်ရှိသည်ဟု ယုံကြည်ပါသည်။ ထိုပန်းတိုင်များ ရရှိရန် ကျန်းမာရေးနှင့် လုံခြုံရေးကို စီးပွားရေး စီမံခန့်ခွဲမှု လုပ်ငန်းစဉ်တိုင်းတွင် ပေါင်းစပ်ထည့်သွင်းထားရမည်။

**Principles အခြေခံမူဝါဒများ**

ကျွန်ုပ်တို့သည် ထိခိုက်ဒဏ်ရာနှင့် လုပ်ငန်းခွင်ဆိုင်ရာ ဖြားနာမှုများ ဖြစ်မလာရန် ကာကွယ်နိုင်ပြီး ကာကွယ်ထားရမည်ဟု ယုံကြည်ပါသည်; ဆိုက်များ၏ ကျန်းမာရေးနှင့် လုံခြုံရေး စွမ်းဆောင်မှုအတွက် ဆိုက်မန်နေဂျာများတွင် တာဝန်ရှိပါသည်။

ဤမူဝါဒ၏ အောင်မြင်မှုကို ကျိုန်းသေစေသည့် အချက်သုံးချက်ရှိပါသည်။

- အပြန်အလှန် ဆက်သွယ်ခြင်း
- ပူပေါင်းပါဝင်ပက်သက်ခြင်း
- သင်တန်းများပို့ချခြင်း

လုပ်ရှားမှုများ အားလုံးကို မတော်တဆမှုကြိုတင်ကာကွယ်ရေးနှင့် ဝန်ထမ်း သို့မဟုတ် ကန်ထရိုက်တာများအား ကာကွယ်ရေးရှုထောင့်မှ စဉ်းစားနိုင်ရန် ကျွန်ုပ်တို့၏ စီးပွားရေး စီမံခန့်ခွဲမှုများ၌ လုံခြုံရေးနှင့် ကျန်းမာရေးကို ထည့်သွင်းပေါင်းစပ်ထားပါသည်။

စက်မှုလုပ်ငန်းထဲ၌ မတော်တဆမှု ကြိုတင်ကာကွယ်ရေးတွင် ရှေ့တန်းနေရာသို့ရောက်ရှိနိုင်ရန် ကျွန်ုပ်တို့ လုပ်ငန်းများ လုပ်ဆောင်နေသော နိုင်ငံအသီးသီး၏ ကျန်းမာရေးနှင့် လုံခြုံရေး ဥပဒေများ လိုအပ်ချက်ထက် ပြည့်မှီသာလွန်သော မဖြစ်မနေလိုက်နာရမည့် လုပ်ငန်းခွင် လုံခြုံရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှု အုပ်ချုပ်ရေးကို ကျွန်ုပ်တို့၏ ဆိုက်များအားလုံးတွင် ထည့်သွင်းထားပါသည်။

ကျွန်ုပ်တို့၏မူဝါဒသည် လုံခြုံစိတ်ချပြီး သန့်ရှင်းသော လုပ်ငန်းခွင် ပတ်ဝန်းကျင်တစ်ခု ထောက်ပံ့ပေးရန်နှင့် ကျွန်ုပ်တို့၏ လုပ်ငန်းလှုပ်ရှားမှုများကြောင့် ပေါ်ပေါက်လာနိုင်သော ကျန်းမာရေးနှင့် လုံခြုံရေး အန္တရာယ်များကို လုံလောက်သော ထိန်းချုပ်မှုပြုနိုင်ရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ လုပ်ငန်းများနှင့် လှုပ်ရှားမှုများကြောင့် အခြားသောသူများ၏ ကျန်းမာရေးနှင့် လုံခြုံရေးကို သက်ရောက်နိုင်ပြီး ကျွန်ုပ်တို့တွင် တာဝန်ရှိကြောင်း နားလည်သတ်မှတ်ထားပါသည်။

ကျွန်ုပ်တို့သည် ဓာတုပစ္စည်းများကိုင်တွယ်အသုံးပြုရာတွင်လုံခြုံမှုရှိကြောင်းသေချာစေရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုသို့ပြုလုပ်ရာတွင် လိုအပ်သည့် သတင်းအချက်အလက်များ၊ သင်တန်းများနှင့် ကြီးကြပ်ကွပ်ကဲမှုများ လိုအပ်သလိုပေးပြီး ကျွန်ုပ်တို့ရည်မှန်းချက်ရောက်ရှိအောင် ဆောင်ရွက်ပါမည်။ သင်တန်းပေးခြင်းသည် ခိုင်မာသော လုံခြုံရေး ယဉ်ကျေးမှုကို တိုးတက်စေပြီး ကျွန်ုပ်တို့၏ သွေးသားတစ်စိတ်တစ်ဒေသကဲ့သို့ ဖြစ်လာစေကာ မတော်တဆမှုများကို ထိထိရောက်ရောက် ကာကွယ်ပေးနိုင်ပါမည်။

အလုပ်သမားများနှင့် ဝန်ထမ်းများအားလုံးသည် ကုမ္ပဏီနှင့်အတူပူးပေါင်းပြီး လုံခြုံစိတ်ချ၊ သန့်ရှင်းသပ်ရပ်သော လုပ်ငန်းခွင်ရရှိရန်၊ မိမိကိုယ်ကိုမိမိနှင့် အခြားသူများကို လုံလောက်စွာ ဂရုစိုက်နိုင်ရန်နှင့် ၎င်းတို့၏ ကျန်းမာရေးနှင့် လုံခြုံရေးအတွက် ထောက်ပံ့ပေးထားသော အရာများအား နှေင့်ယှက်ပြောင်းလဲခြင်း မပြုလုပ်ရန် တာဝန်ရှိပါသည်။ ကျွန်ုပ်တို့၏ နောက်ဆုံးရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် မတော်တဆမှုနှင့် ထိခိုက်မှုများ ပပျောက်ရေး ရရှိရန် အားသွန်ခွန်စိုက် တက်တက်ကြွကြွ ဝိုင်းဝန်းကြိုးပမ်းသွားပါမည်။

## ထုတ်ကုန် လုံခြုံစိတ်ချရမှု

ကျွန်ုပ်တို့၏ မူဝါဒသည် ကျွန်ုပ်တို့၏ ထုတ်ကုန်ပစ္စည်းများနှင့် ဖောက်သည်များ၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင် ထိခိုက်မှုများ ပပျောက်ရေးတို့အတွက် ချဲ့ထွင်ထားပါသည်။ ထိုအပိုင်းတွင် လုံခြုံရေးနှင့် ကျန်းမာရေး စီမံခန့်ခွဲမှုများကို အကောင်အထည်ဖော်ရေးနှင့် စဉ်ဆက်မပြတ် တိုးတက်စေရေးတို့ ရရှိစေရန် ဝန်ထမ်းများ၊ ကန်ထရိုက်တာများ၊ အခြားရှယ်ယာဝင်များနှင့် ဆက်သွယ်ဆွေးနွေးခြင်း၊ ဝန်ထမ်းများကို အန္တရာယ်ရှိသော အခြေအနေများရှောင်ရှားနိုင်ရန်၊ မမျှော်လင့်သော အဖြစ်အပျက်များကို လျင်မြန်စွာ တုံ့ပြန်နိုင်ရန် သင်တန်းပေးခြင်း၊ အကာအကွယ်ပစ္စည်းများ ထောက်ပံ့ခြင်းတို့ ပြုလုပ်သွားပါမည်။

ထို့ပြင် ကန်ထရိုက်တာများ၊ ကုန်ကြမ်းတင်ပို့သူများနှင့် ပတ်ဝန်းကျင်လူထုအား သင်တန်းပေးခြင်းနှင့် ပညာပေးခြင်းတို့ကို နားယောင်ပါဝင်လာစေမည့် နည်းလမ်းများ ရှာဖွေပြုလုပ်သွားပါမည်။

## အကဲဖြတ်ခြင်း

ကျွန်ုပ်တို့သည် လက်ရှိလုပ်ဆောင်နေသော စွမ်းဆောင်ရည်ရလဒ်များကိုစောင့်ကြည့်လေ့လာခြင်းနှင့် စီမံခန့်ခွဲရေး အချိန်မှန်သုံးသပ်ချက်များမှ EHS စွမ်းရည်ကို အကဲဖြတ်သွားပါမည်။ ကျွန်ုပ်တို့၏ ဝန်ထန်းများနှင့် ၎င်းတို့၏ ကျန်းမာရေး၊ လုံခြုံရေးကို ထိရောက်စေသော ကိစ္စများအား ဆွေးနွေးတိုင်ပင်ခြင်းသည် ကျွန်ုပ်တို့၏ မူဝါဒအတွင်း ပါဝင်နေခြင်းသည် ဤ□ည်ရွယ်ချက်ကြောင့်ဖြစ်သည်။

## ကျန်းမာရေးနှင့် လုံခြုံရေး စီမံခန့်ခွဲမှု အကောင်အထည်ဖော်ခြင်း တည်ဆောက်ပုံ

- လုပ်ငန်းခွဲများအားလုံးသည် ဆိုက်တိုင်းတွင် ဆိုက်ကျန်းမာရေးနှင့် လုံခြုံရေး အရာရှိ(SHSO) အဖြစ် လူတစ်ယောက်အား တာဝန်ခံသတ်မှတ်ပေးထားရမည်။

- စက်ရုံမှူးသည် ဝန်ထမ်းများ၊ အလုပ်သမားများအားလုံးသည် ကျန်းမာရေးနှင့် လုံခြုံရေးမူဝါဒအား သိရှိနိုင်ခွင့် ရရှိရန် သေချာအောင် ဆောင်ရွက်ရမည်။
- အလုပ်ခန့်အပ်ခြင်းစတင်ချိန်မှစပြီး ဝန်ထမ်းတိုင်းကို ယေဘုယျ မူဝါဒ မိတ္တူတစ်စောင် ပေးအပ်ရမည်။

**ထိန်းချုပ်မှု**

ဆိုက်တိုင်းတွင် ဆိုးရွားသော မတော်တဆမှုများကို နက်နက်ရှိုင်းရှိုင်းလေ့လာမှုပြုရမည်။ SHSO သည် လုံခြုံရေး ဦးတည်ချက်များ အကောင်အထည်ဖော်ရေးနှင့် စစ်ဆေးရေးရလဒ်များကို အချိန်မှန်မှန် လေ့လာပြီး ကျန်းမာရေးနှင့် လုံခြုံရေးနှင့် ပက်သက်ပြီး ကန်ထရိုက်တာများအား ထိန်းချုပ်မှုကို ကြီးကြပ်ကွပ်ကဲရမည်။

**အန္တရာယ် အနေအထား သုံးသပ်ချက်များ**

ဆိုက်များတွင် အန္တ ရာယ်သုံးသပ်ချက်များကို နှစ်စဥ်ပုံမှန် ပြုလုပ်သွားရမည်ဖြစ်ပြီး ကော်ပိုရိတ်ပြန်ကြားရေးဌာန ကိုအစီရင်ခံပြီး ပြန်ကြားရေးဌာနမှ သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့်ကော်မတီများထံဖြန့်ဝေပေးပြီး အကျဥ်းချုံး ရလဒ်ကို ကော်ပိုရတ် ရေရှည်တည်တံ့ရေး အစီရင်ခံစာတွင် နှစ်စဥ်ထည့်သွင်း အစီရင်ခံသွားပါမည်။ အန္တရာယ် သုံးသပ်ချက်၏ ရလဒ်များသည် လုံခြုံရေး လုပ်ငန်းစဉ်များကို ထိန်းညှိရာတွင် အထောက်အကူပြုပြီး ကျန်းမာရေး၊ လုံခြုံရေးနှင့် အဆင်ပြေချောမွေ့ရေး ကို လုံလောက်သော အဆင့်တစ်ခု သေချာစေရေးတွင် ထည့်သွင်းစဉ်းစားသွားပါမည်။

ထိုအန္တရာယ် သုံးသပ်ချက်များသည် လုပ်ငန်းများအားခြုံငုံနိုင်ခြင်းရှိမရှိ၊ သင့်တော်မှုရှိမရှိ သေချာစေရန် အချိန်မှန်မှန် သုံးသပ်မှုများ ပြုလုပ်သွားရပါမည်။ ဝန်ထမ်းများအတွင်း အဖွဲ့ဝင်အသစ်တိုးလာသည့်အခါ၊ စက်ပစ္စည်းအသစ် တပ်ဆင်သည့်အခါ၊ လုပ်ငန်းလုပ်ဆောင်သည့် စနစ်အသစ် ပြောင်းလဲသည့်အခါ သို့မဟုတ် စီးပွားရေးလုပ်ငန်း နေရာပြောင်းလဲသည့်အခါတို့တွင်လည်း သုံးသပ်ချက်များကို ပြန်လည်ဆန်းစစ်ရမည်။